# ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း လွှတ်တော်ကိုယ်စားလှယ်များတင်သွင်းခဲ့သည့် အဆိုနှင့် မေးခွန်းများအပေါ် အစိုးရ အဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဖြေကြားချက်များ၊ ကတိကဝတ်များကို ကော်မတီအနေဖြင့် ပြန်လည်ဖော်ထုတ်စိစစ်ပြီး အဓိကအချက်များကို ဦးစားပေးညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်အစည်းအဝေးကာလများအတွင်း မေးမြန်းခဲ့သည့်မေးခွန်းများအနက် ကတိကဝတ် ဖြစ်ပေါ် ခဲ့သည့် တတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုအဆို ၁ ခုနှင့် ကြယ်ပွင့်ပြကတိဖြစ် မေးခွန်း ၉၇ ခု၊ ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြ ကတိဖြစ်မေးခွန်း ၂၅၆ ခုနှင့် တတိယပုံမှန်အစည်းအဝေး တွင် ကြယ်ပွင့်မပြ ကတိဖြစ်မေးခွန်း ၈၀ ခု၊ စုစုပေါင်း ၄၃၄ ခုရှိသည့်အနက် တိကျရှင်းလင်းသည့် အဓိကအချက်များကို ဦးစားပေးပေါင်းစပ်ညှိနှိုင်းသွားမည် ဖြစ်ကြောင်း၊ ကော်မတီ အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကြား အစိုးရအဖွဲ့မှဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များအပေါ် ပြည်သူ လူထု၏ ယုံကြည်မှုရရှိစေရေးနှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေရေးအတွက် စိစစ်ကြပ်မတ် တင်ပြပေးခြင်းဖြစ်ပြီး မရှင်းလင်းသည့်ကိစ္စရပ်များကို သေချာစွာညှိနှိုင်းဆွေးနွေးကြရန်နှင့် တက်ရောက် လာကြသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့တို့မှ တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုများနှင့်ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကိုဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်မှု အခြေအနေများကို တိကျမှန်ကန်စွာတင်ပြနိုင်ရေးနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်စေရေးတို့အတွက် လိုအပ်သည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အတူ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)